ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့

ညွှန်ကြားချက်အမှတ် ၇ /၂၀၂၀

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်

(၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၈ ရက်)

## အာမခံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် အရာရှိချုပ်များခန့်ထားခြင်းဆိုင်ရာ ညွှန်ကြားချက်

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ဤညွှန်ကြားချက်သည် အာမခံကုမ္ပဏီ၏ အမှုဆောင် အရာရှိချုပ်၊ ဒုတိယအမှုဆောင် အရာရှိချုပ်၊ ငွေရေးကြေးရေးအရာရှိချုပ်၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ်၊ အာမခံသင်္ချာပညာရှင်တို့နှင့် သက်ဆိုင်စေရမည်။

၂။ ဤညွှန်ကြားချက်ပါ သတ်မှတ်ချက်များကို အမှုဆောင်အရာရှိချုပ်နှင့် အရာရှိချုပ်များ၏ ကနဦးအမည် စာရင်းတင်သွင်းခြင်း၊ ခန့်အပ်ခြင်းနှင့် အတည်ပြုခြင်းများ ဆောင်ရွက်ရာတွင် ကျင့်သုံးရမည်။

၃။ ဤညွှန်ကြားချက်ပါ စကားရပ်များသည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေတွင်ပါရှိသည့် အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေ ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကိုဆိုသည်။

(ခ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ အာမခံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် (Chief Executive Officer -CEO) ကို ဆိုသည်။

(ဂ) **အရာရှိချုပ်** ဆိုသည်မှာ အာမခံကုမ္ပဏီ၏ ငွေရေးကြေးရေး အရာရှိချုပ် (Chief Financial Officer-CFO)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ်(Chief Risk Management Officer-CRMO)နှင့် အာမခံသင်္ချာပညာရှင် (Certifying Actuary - CA) တို့ကို ဆိုသည်။

(ဃ) **အာမခံကုမ္ပဏီ** ဆိုသည်မှာ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီတို့ကို ဆိုသည်။

၄။ အာမခံကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့သည် အာမခံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်နှင့် အရာရှိချုပ်များအားလုံး သင့်လျော်မှန်ကန်မှုရှိစေရန် အပြည့်အဝတာဝန်ရှိသည်။

၅။ သက်ဆိုင်ရာကုမ္ပဏီသည် အမှုဆောင်အရာချုပ် သို့မဟုတ် အရာရှိချုပ်ခန့်အပ်ရာ၌ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ ထောက်ခံတင်ပြရမည်-

(က) ရိုးသားဖြောင့်မတ်ခြင်း၊ ဂုဏ်သိက္ခာနှင့်နာမည်ကောင်းရှိခြင်း၊

(ခ) လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်ရည်ရှိခြင်း၊

(ဂ) ငွေရေးကြေးရေးခိုင်မာတောင့်တင်းခြင်း၊

(ဃ) တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်း။

၆။ အောက်ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ပုဂ္ဂိုလ်အား ရိုးသားဖြောင့်မတ်သူ၊ ဂုဏ်သိက္ခာနှင့် နာမည်ကောင်းရှိသူအဖြစ် မှတ်ယူခြင်းမပြုရ -

(က) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စည်းကမ်းပိုင်းဆိုင်ရာ ချိုးဖောက်မှုကြောင့် တရားစွဲဆိုမှုခံရနိုင်သော အခြေအနေသို့ ရောက်ရှိနေခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုမှုခံရဖွယ်ရှိခြင်း၊ တရားစွဲဆိုခံရခြင်း သို့မဟုတ် စုံစမ်းစစ်ဆေးမှု ခံရဖွယ်ရှိကြောင်း အသိပေးခံရခြင်း၊

(ခ) မရိုးမဖြောင့်မှု သို့မဟုတ် အရည်အချင်းမပြည့်မီမှုကြောင့် အများပြည်သူ၏ ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးမှုကို ကာကွယ်ရန် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ထုတ်ပြန်ထားသည့် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်ကို ချိုးဖောက်ခြင်း၊

(ဂ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်း၊ ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်း၊ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က ချမှတ်သည့် သတ်မှတ်ချက်နှင့် စံနှုန်းများကို ချိုးဖောက်ခြင်း၊

(ဃ) အဆိုပါပုဂ္ဂိုလ်သည် သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က ထိန်းချုပ်ထားသည့် အကျိုးစီးပွားရှိသော သို့မဟုတ် သိသာထင်ရှားသည့် လွှမ်းမိုးမှုပြုနိုင်သော စီးပွားရေးလုပ်ငန်း

သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် တရားရုံး သို့မဟုတ် ခုံသမာဓိရုံးတွင် စုံစမ်းစစ်ဆေးခံရခြင်း သို့မဟုတ် ဥပဒေအရ အရေးယူခံရခြင်း၊

(င) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လိမ်လည်သော သို့မဟုတ် အနိုင်အထက်ပြုရာရောက်သော သို့မဟုတ် အခြားမမှန်ကန်သော သို့မဟုတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်ကိုထိခိုက်စေသော လုပ်ငန်းဆောင်ရွက်မှုတွင် ပါဝင်ပတ်သက်ခဲ့ခြင်း၊

(စ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ရိုးသားဖြောင့်မတ်မှုနှင့် ဂုဏ်သိက္ခာအပေါ် ယုံကြည်မှုကြောင့် အလုပ်ခန့်ထားခံရခြင်း သို့မဟုတ် ရာထူးခန့်ထားခံရခြင်းမှ သံသယဖြစ်ဖွယ်ရှိမှုကြောင့် ထုတ်ပယ်ခံရခြင်း သို့မဟုတ် နုတ်ထွက်ရန်တောင်းဆိုခံရခြင်း သို့မဟုတ် နုတ်ထွက်ရခြင်း၊

(ဆ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကုန်သွယ်မှု၊ စီးပွားရေး လုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုခု လုပ်ဆောင်နိုင်ရန် လိုင်စင်ထုတ်ပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ်ခွင့်ပြုခြင်းမှ ငြင်းပယ်ခံရသော၊ မှတ်ပုံတင် သို့မဟုတ် လိုင်စင်ရုပ်သိမ်းခံရသော သို့မဟုတ် အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခံရသော ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြားစီးပွားရေး အဖွဲ့အစည်းတွင် ပိုင်ဆိုင်မှု သို့မဟုတ် စီမံခန့်ခွဲမှုတို့နှင့် ဆက်နွယ်ခြင်း၊

(ဇ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲအဖြစ်ခံယူသည့် သို့မဟုတ် ဆန္ဒအလျောက်မဟုတ်သည့် စာရင်းရှင်းလင်း ဖျက်သိမ်းခံရသည့် စီးပွားရေးလုပ်ငန်းတစ်ခုခုတွင် ပစ္စည်းထိန်းအဖြစ်ခန့်အပ်ခံရခြင်း သို့မဟုတ် စီမံခန့်ခွဲမှုတာဝန်ရှိသည့် ရာထူး၌ တာဝန်ထမ်းဆောင်ခဲ့ခြင်း၊

(ဈ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံး သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းတစ်ခုခု၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အရ ဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးသော စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုင်စင်ရုပ်သိမ်းခံရသော ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခု

တွင် ဒါရိုက်တာ သို့မဟုတ် စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း၊

(ည) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဆက်နွယ်ဆောင်ရွက်သူ၊ အလုပ်ရှင်၊ စာရင်းစစ်နှင့် ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် ပတ်သက်၍ မှုတစွာ သို့မဟုတ် ရိုးဖြောင့်စွာ ဆောင်ရွက်ခဲ့မှုမရှိခြင်း၊

(ဋ) ဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၊ အခွန်ဆိုင်ရာ သတ်မှတ်ချက်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း၊

(ဌ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကုမ္ပဏီအတွင်းထိန်းချုပ်မှုစနစ်များနှင့် ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ပူးပေါင်း ဆောင်ရွက်မှုမရှိခြင်း၊

(ဍ) ရာထူးလုပ်ပိုင်ခွင့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အာမခံကုမ္ပဏီ သို့မဟုတ် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍတွင် ဆိုးကျိုးသက်ရောက်မှု ဖြစ်စေသည့် သို့မဟုတ် အရေးကြီးသော အကျိုးစီးပွား ပဋိပက္ခဖြစ်စေသည့် စီးပွားရေးလုပ်ငန်း သို့မဟုတ် အခြားလုပ်ငန်းတစ်ခုခုနှင့် ဆက်နွယ်ခြင်း။

၇။ (က) လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရာ၌ နည်းပညာဆိုင်ရာ သတ်မှတ်ချက်များ၊ ဆုံးရှုံး နိုင်ခြေများနှင့် စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို နားလည်နိုင်သည့် အရည်အချင်း၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုရှိကြောင်း အထောက်အထား တင်ပြရမည်။

(ခ) လုပ်ရည်ကိုင်ရည်နှင့် စွမ်းဆောင်နိုင်ရည်ရှိမှုတို့ကို သတ်မှတ်ရာတွင် အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(၁) လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများအရ လည်းကောင်း၊ ဒါရိုက်တာဖြစ်ပါက အခြားကတိကဝတ်ထားရှိမှုများအရ လည်းကောင်း လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်နိုင်ရန် သင့်လျော်သော အရည်အချင်း၊ သင်တန်း တက်ရောက်မှု၊ ကျွမ်းကျင်မှုနှင့် လက်တွေ့လုပ်ငန်းအတွေ့အကြုံ၊

(၂) ယခင်တာဝန်ထမ်းဆောင်ခဲ့သည့်လုပ်ငန်းတွင် ကျွမ်းကျင်မှု၊

(၃) အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသည့် အခြားအရည်အချင်း သတ်မှတ်ချက်များ။

၈။ ငွေရေးကြေးရေး ခိုင်မာတောင့်တင်းမှု အရည်အချင်း ပြည့်မီခြင်း မရှိသော်လည်း နောက်ဆက်တွဲပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီပါက အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(က) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ငွေရေးကြေးရေး ပေးဆပ်ရန် အချိန်စေ့ရောက်သည့်အခါ ပြန်လည်ပေးဆပ်ခြင်းရှိ မရှိ သို့မဟုတ် ပေးဆပ်နိုင်ခြင်းရှိ မရှိ၊

(ခ) ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးက ကြွေးမြီပေးဆပ်စေရန် စီရင်ချက်ချမှတ်ခံရခြင်း ရှိ မရှိ သို့မဟုတ် လူမွဲအဖြစ်ခံယူရန် တရားစွဲဆိုခံနေရခြင်း ရှိ မရှိ။

၉။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ထည့်သွင်းစဉ်းစားရမည်-

(က) ပေးအပ်သည့်တာဝန်ဝတ္တရားများကို အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်းနှင့် တာဝန်ယူ နိုင်စွမ်း ရှိ မရှိ၊

(ခ) ရာထူးအရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် ဖြစ်ပေါ်လာမည့် အကျိုးဆက်များအတွက် တာဝန်ခံနိုင်စွမ်း ရှိ မရှိ။

၁၀။ အာမခံကုမ္ပဏီသည် အမှုဆောင်အရာရှိချုပ်နှင့် အရာရှိချုပ်များ ခန့်အပ်ရာတွင် ခန့်အပ်ခြင်း မပြုမီ ရက်ပေါင်း ၆၀ ကြိုတင်၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ အတည်ပြုချက်ကို တောင်းခံရမည်။

၁၁။ အာမခံကုမ္ပဏီသည် အပိုဒ် ၁၀ အရ အတည်ပြုချက်တောင်းခံရာတွင် ခန့်အပ်ခြင်းခံရမည့်သူနှင့် သက်ဆိုင်သည့် ကိုယ်ရေးဆိုင်ရာ ထုတ်ဖော်ကြေညာချက် လျှောက်လွှာနှင့် နောက်ဆက်တွဲပါ အရည်အချင်းသတ်မှတ်ချက်များနှင့် စပ်လျဉ်းသည့် အချက်အလက်နှင့် စာရွက်စာတမ်း အထောက်အထားများ တင်ပြရမည်ဖြစ်ပြီး ယင်းသို့တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြရမည်-

(က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် နိုင်ငံကူးလက်မှတ် အမှတ်၊ နေရပ်လိပ်စာ၊ ပညာအရည်အချင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် လုပ်ငန်း အတွေ့အကြုံ၊

(ခ) ယခင်အလုပ်အကိုင်၊ ရာထူး၊ တာဝန်ဝတ္တရားများနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များ၊

(ဂ) ခန့်အပ်ခြင်းခံရမည့်သူ၏ မိသားစုဝင်များ၏ အမည်နှင့် နေရပ်လိပ်စာအပြည့်အစုံ၊ ၎င်း၏မိသားစုနှင့် စပ်ဆိုင်သူများ၏ အသေးစိတ် အချက်အလက်များနှင့် ငွေရေး ကြေးရေးဆိုင်ရာ အကျိုးစီးပွားများ၊ ၎င်းနှင့် ၎င်း၏ မိသားစုဝင်များက ပိုင်ဆိုင် သော အစုရှယ်ယာများ၊ ငွေတိုက်စာချုပ် သို့မဟုတ် ဒီဘင်ချာများနှင့်စပ်လျဉ်းသည့် အသေးစိတ် အချက်အလက်များနှင့် ယင်းပိုင်ဆိုင်မှုများတွင် အဓိကကျသော အစု ရှယ်ယာပိုင်ဆိုင်မှုများနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(ဃ) ခန့်အပ်ခြင်းခံရမည့်သူ၏ မိသားစုဝင်တစ်ဦးဦးသည် အာမခံကုမ္ပဏီ တစ်ခုခုတွင် ဝန်ထမ်းအဖြစ် ဆောင်ရွက်နေခြင်း ရှိ မရှိ နှင့် ယင်းသို့ဆောင်ရွက်နေပါက ၎င်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊

(င) ခန့်အပ်ခြင်းခံရမည့်သူ သို့မဟုတ် ၎င်း၏ မိသားစုဝင်များနှင့် အာမခံကုမ္ပဏီ အကြား သဘောတူညီချက်ရယူရန် ရှိ မရှိ သို့မဟုတ် သဘောတူညီချက် ရယူ ထားခြင်း ရှိ မရှိနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ၊

(စ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြား အသေးစိတ် အချက်အလက်များ။

၁၂။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် အပိုဒ် ၁၁ ပါ အချက်အလက် အထောက်အထားများကို စိစစ်ရာတွင် သံသယဖြစ်ဖွယ်ကိစ္စများ ပေါ်ပေါက်ပါက ယင်းကိစ္စနှင့် ဆက်စပ်သော အချက်အလက် အထောက်အထားများကို သက်ဆိုင်ရာအာမခံကုမ္ပဏီထံ ထပ်မံ တောင်းခံနိုင်သည်။

၁၃။ အာမခံကုမ္ပဏီသည် ခန့်အပ်ခြင်းခံရမည့်သူ၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်၊ အထောက်အထားများ ပြောင်းလဲမှုရှိပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ အသိပေးတင်ပြရမည်။

၁၄။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ခန့်အပ်ခြင်းခံရမည့်သူနှင့် ပတ်သက်၍ အကဲဖြတ်ရာတွင်-

(က) အပိုဒ် ၁၁ ပါ အချက်အလက်အထောက်အထားများအရ သင့်လျော်မှန်ကန်ခြင်းရှိမှု၊ ၎င်း၏ စွမ်းဆောင်ရည်နှင့်ယုံကြည်လေးစားခံရမှု၊ ကောင်းမွန်စွာစီမံအုပ်ချုပ်မှုဖြင့် အာမခံကုမ္ပဏီ၏ မျှော်မှန်းချက်နှင့်ရည်မှန်းချက်များအပေါ်ပံ့ပိုးပေးနိုင်မှု၊ ဆောင်ရွက်မှုနှင့် သဘောထားများသည် အာမခံလုပ်ငန်း၏ပုံရိပ်အပေါ် သက်ရောက်မှု စသည်တို့ကို အကဲဖြတ်ရမည်။

(ခ) ခန့်အပ်ခြင်းခံရမည့်သူထံမှ ရရှိသည့် အချက်အလက် အထောက်အထားများကို အဓိကထား ဆုံးဖြတ်ရမည်ဖြစ်ပြီး ယင်းအချက်အလက်အထောက်အထားများအရ အဆိုပါပုဂ္ဂိုလ်၏သင့်လျော်မှန်ကန်ခြင်းရှိမှုကိုဆုံးဖြတ်ရာတွင်လိုအပ်ပါက သီးခြား အချက်အလက် အထောက်အထားများကို တင်ပြစေရန် အာမခံကုမ္ပဏီအား ညွှန်ကြားရမည်။

၁၅။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနသည် အပိုဒ် ၁၀ အရ အတည်ပြုချက်တောင်းခံခြင်းနှင့်စပ်လျဉ်း၍ တင်ပြချက်ကို လက်ခံရရှိသည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း စိစစ်ပြီး အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိချုပ်တစ်ဦးဦးသည် အရည်အချင်းသတ်မှတ်ချက်များ ပြည့်မီစေရန် စွမ်းဆောင်နိုင်မှုမရှိကြောင်း သို့မဟုတ် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက် မရှိဘဲ ရာထူးခန့်အပ်ခံရကြောင်း သို့မဟုတ် အပိုဒ် ၆ ပါ အကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာအာမခံကုမ္ပဏီသည် ယင်းအမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိချုပ်ကို အာမခံကုမ္ပဏီတွင် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း မပြုစေရ။

၁၇။ အာမခံကုမ္ပဏီသည် အပိုဒ် ၁၆ အရ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိချုပ် တစ်ဦးဦးအား ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်ရန်သင့်လျော်မှုမရှိဟု သိရှိပါက ယင်းသို့သိရှိသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ရာထူးမှ ထုတ်ပယ်ရမည်။ ထိုသို့ ဆောင်ရွက်မှုကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ စာဖြင့်တင်ပြရမည်။

၁၈။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိချုပ် တစ်ဦးဦးအား သတ်မှတ်ထားသည့် အရည်အချင်းပျက်ယွင်းခြင်းကြောင့် ရာထူးတွင် ဆက်လက်

တာဝန်ထမ်းဆောင်ရန် သင့်လျော်မှုမရှိဟု သတ်မှတ်ပါက သတ်မှတ်သည့် ကာလအတွင်းထုတ်ပယ်ရန် အာမခံကုမ္ပဏီသို့ စာဖြင့် အကြောင်းကြားရမည်။

၁၉။ အာမခံကုမ္ပဏီသည် အပိုဒ် ၁၈ ပါ အကြောင်းကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၀။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် ဤညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်သော အာမခံကုမ္ပဏီအား လုပ်ငန်းလိုင်စင်ပယ်ဖျက်နိုင်သည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ

စာအမှတ်၊ FRD / IBRB ( ၂၇၄ / ၂၀၂၀)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ ၁၈ ရက်

**ဖြန့်ဝေခြင်း**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များ
မြန်မာ့အာမခံလုပ်ငန်း
မြန်မာနိုင်ငံအာမခံအသင်း
အာမခံကုမ္ပဏီများအားလုံး

အမိန့်အရ

၁၈/၉/၂၀၂၀
(ဇော်နိုင်)
အတွင်းရေးမှူး

ပုံစံ

## ကိုယ်ရေးဆိုင်ရာထုတ်ဖော်ကြေညာချက်လျှောက်လွှာ

၁။ အာမခံကုမ္ပဏီအမည် ..............................................................................

..........................................................................................................................

၂။ ခန့်ထားခံရမည့်ရာထူး ................................................................................

..........................................................................................................................

၃။ လျှောက်ထားသူ၏အမည်အပြည့်အစုံ ..............................................................

..........................................................................................................................

၄။ မိသားစုဝင်အမည်(များ)နှင့် မိသားစုအမည် (Family Name) (ရှိလျှင်) ...........

..........................................................................................................................

၅။ မွေးသက္ကရာဇ် နှင့် မွေးဖွားရာဇာတိ ......................................................................

..........................................................................................................................

၆။ ကျား/မ ..............................................................................................................

..........................................................................................................................

၇။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/နိုင်ငံကူးလက်မှတ်အမှတ်နှင့်ထုတ်ပေးသည့်နိုင်ငံ-

(မိတ္တူမှန်ပူးတွဲတင်ပြရန်) .........................................................................

..........................................................................................................................

၈။ (က) နိုင်ငံသား ..............................................................................................

(ခ) လက်ရှိနေထိုင်သည့် နိုင်ငံနှင့် စတင်နေထိုင်သည့်ခုနှစ် ..........................

..........................................................................................................................

၉။ (က) လက်ရှိလုပ်ငန်းလိပ်စာ ..................................................................................

..........................................................................................................................

..........................................................................................................................

(ခ) လက်ရှိနေထိုင်သည့်လိပ်စာ..........................................................................

..........................................................................................................................

..........................................................................................................................

(ဂ) လွန်ခဲ့သည့် (၁၀)နှစ်အတွင်း နေထိုင်ခဲ့သည့် လိပ်စာ

(၁) ..........................................................................................................

..........................................................................................................

(၂) ..................................................................................
..................................................................................

၁၀။ တယ်လီဖုန်းနံပါတ်နှင့်အီးမေးလ်လိပ်စာ ..................................................................................
..................................................................................

၁၁။ အသက်မွေးဝမ်းကြောင်းနှင့် ပညာရပ်ဆိုင်ရာအရည်အချင်းများ

| အကြောင်းအရာ | ရရှိခဲ့သည့်ခုနှစ် |
|---|---|
| .................................... | .................................... |
| .................................... | .................................... |

(က) အမြင့်ဆုံးပညာရပ်ဆိုင်ရာ အရည်အချင်း

| | |
|---|---|
| .................................... | .................................... |
| .................................... | .................................... |

(ခ) အထူးဆုချီးမြှင့်ခံရမှု သို့မဟုတ် ဂုဏ်ပြုခံရမှု (ရှိလျှင်)

| | |
|---|---|
| .................................... | .................................... |
| .................................... | .................................... |

(ဂ) တက်ရောက်ခဲ့သည့် သင်တန်းများနှင့် ဆွေးနွေးပွဲများ

| | |
|---|---|
| .................................... | .................................... |
| .................................... | .................................... |

(ဃ) အဖွဲ့ဝင်အဖြစ်ပါဝင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အဖွဲ့အစည်းများ

| | |
|---|---|
| .................................... | .................................... |
| .................................... | .................................... |

၁၂။ အလုပ်အကိုင် သို့မဟုတ် အလုပ်ခန့်ထားခံရမှု (လက်ရှိနှင့်လွန်ခဲ့သော (၁၀) နှစ်အတွင်း)

| လုပ်ငန်းအမည် | လုပ်ငန်းရှင်အမည် | လုပ်ငန်းတည်နေရာ | ထမ်းဆောင်ခဲ့သည့်ရာထူး | စတင်ထမ်းဆောင်သည့်ခုနှစ် |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |

၁၃။ ဒါရိုက်တာ၊ အရာရှိ၊ အစုရှယ်ယာရှင်၊ မန်နေဂျာ သို့မဟုတ် ကြီးကြပ်သူအဖြစ် လက်ရှိနှင့် လွန်ခဲ့သော (၁၀) နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလ ..............................................................................

..............................................................................................................................

..............................................................................................................................

၁၄။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ အလုပ်မှ ထုတ်ပယ်ခံရခြင်း သို့မဟုတ် စည်းကမ်းပိုင်းဆိုင်ရာချိုးဖောက်မှုကြောင့် တရားစွဲဆိုခံရခြင်း သို့မဟုတ် အလုပ်အကိုင်တစ်ခုခုသို့ ဝင်ရောက် လုပ်ကိုင်ခြင်းမှ တားဆီးခံရခြင်း ရှိ မရှိ (ရှိပါက အသေးစိတ်အချက်အလက်များ ဖော်ပြရန်) ..............................................................................................

..............................................................................................................................

..............................................................................................................................

၁၅။ ယခင်နှင့်လက်ရှိ ဆက်နွယ်သည့်စီးပွားရေးလုပ်ငန်းများနှင့် အဆိုပြုသည့် အာမခံကုမ္ပဏီ၏ လုပ်ငန်းတို့ သဘောသဘာဝ ဆက်စပ်မှု ရှိ မရှိ (ရှိပါက အစုရှယ်ယာ သို့မဟုတ် ပိုင်ဆိုင်မှု ရာခိုင်နှုန်း စသည်ဖြင့် အသေးစိတ်အချက်အလက်များ ဖော်ပြရန်) ...................

..............................................................................................................................

..............................................................................................................................

..............................................................................................................................

၁၆။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ် ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်း ရှိ မရှိ၊ လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း ရှိ မရှိ၊ လျှောက်ထားခြင်းအပေါ် ခွင့်ပြုချက်ရရှိခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်း ရှိ မရှိ၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခံရခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ....................................

..............................................................................................................................

..............................................................................................................................

၁၇။ ဒါရိုက်တာ၊ အရာရှိ၊ အစုရှယ်ယာရှင် သို့မဟုတ် မန်နေဂျာအဖြစ် ဆောင်ရွက်ခဲ့သော သို့မဟုတ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းသည် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်ရန် လျှောက်ထားခဲ့ခြင်း ရှိ မရှိ၊ လျှောက်ထားချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ခြင်း ရှိ မရှိ၊ လျှောက်ထားခြင်းအပေါ် ခွင့်ပြုချက်ရရှိခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်း ရှိ မရှိ၊ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခံရခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ................................

..............................................................................................................................

..............................................................................................................................

..............................................................................................................................

၁၈။ ဒါရိုက်တာ၊ အရာရှိ၊ အစုရှယ်ယာရှင် သို့မဟုတ် မန်နေဂျာအဖြစ် ဆက်နွှယ်ခဲ့ဖူးသော အလုပ်ရှင် သို့မဟုတ် အဖွဲ့အစည်းသည် ကြီးကြပ်ကွပ်ကဲသည့် အဖွဲ့အစည်း၏ စုံစမ်းစစ်ဆေးမှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်ခံရမှု သို့မဟုတ် ကြွေးမြီ မပေးဆပ်နိုင်၍ ပိတ်သိမ်းရမှု သို့မဟုတ် တရားရုံး၏ ပြစ်ဒဏ်ချမှတ်ခံရမှု ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ..................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

၁၉။ မိသားစုဝင်များ၏ ယခင်နှင့်လက်ရှိ ဆက်နွှယ်သည့်စီးပွားရေးလုပ်ငန်းများနှင့် အဆိုပြုသည့် အာမခံကုမ္ပဏီ၏ လုပ်ငန်းတို့ သဘောသဘာဝ ဆက်စပ်မှု ရှိ မရှိ (ရှိပါက အစုရှယ်ယာ သို့မဟုတ် ပိုင်ဆိုင်မှု ရာခိုင်နှုန်း စသည်ဖြင့် အသေးစိတ်အချက်အလက်များ ဖော်ပြရန်)

..........................................................................................................................

..........................................................................................................................

..........................................................................................................................

| | | အမည် | ဆက်နွှယ်မှု |
|---|---|---|---|
| (က) | ဇနီး/ခင်ပွန်း | .............................. | .............................. |
| | | .............................. | .............................. |
| | | .............................. | .............................. |
| (ခ) | သားသမီးများ | .............................. | .............................. |
| | | .............................. | .............................. |
| | | .............................. | .............................. |
| (ဂ) | မိဘများ | .............................. | .............................. |
| | | .............................. | .............................. |
| | | .............................. | .............................. |
| (ဃ) | ညီအစ်ကိုမောင်နှမများ | .............................. | .............................. |
| | | .............................. | .............................. |
| | | .............................. | .............................. |

၂၀။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးက ကြွေးမြီပေးဆပ်စေရန် စီရင်ချက်ချမှတ်ခံရခြင်း ရှိ မရှိ နှင့် ပေးဆပ်ရန်ပျက်ကွက်မှု ရှိ မရှိ၊ လူမွဲအဖြစ်ခံယူရန် တရားစွဲဆိုခံရခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ..........................................................................

..........................................................................................................................

..........................................................................................................................

..........................................................................................................................

၂၁။ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဆက်နွယ်မှုရှိခဲ့သည့် အဖွဲ့အစည်း သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အဖွဲ့ဝင်များအား လိမ်လည်ခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ဥပဒေနှင့် မညီသည့် ပြုလုပ်ခြင်းများကြောင့် နစ်နာမှုအတွက် ပေးရန်တာဝန်နှင့် စပ်လျဉ်း၍ တရားရုံး၏ တရားမကြောင်းအရ ဆုံးဖြတ်ချက် ချမှတ်ခံရခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ........

.................................................................................................................................

.................................................................................................................................

.................................................................................................................................

.................................................................................................................................

၂၂။ တာဝန်များကိုထမ်းဆောင်ရာတွင် ယင်းလုပ်ငန်းတာဝန်နှင့် ဆက်စပ်မှုမရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ ညွှန်ကြားချက်အရ ဆောင်ရွက်ခဲ့ခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာ ဖော်ပြရန်) .................................................................................................

.................................................................................................................................

.................................................................................................................................

.................................................................................................................................

၂၃။ အဆိုပြုသည့် အာမခံကုမ္ပဏီနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ စီးပွားရေး လုပ်ကိုင်ခြင်း ရှိ မရှိ (ရှိပါက ပြည့်စုံစွာဖော်ပြရန်) ..................................................

.................................................................................................................................

.................................................................................................................................

.................................................................................................................................

၂၄။ အဆိုပြုသည့် အာမခံကုမ္ပဏီတွင် မိမိအမည်ဖြင့် သို့မဟုတ် ဆက်နွယ်သူများ၏ အမည်ဖြင့် အစုရှယ်ယာ ရှိ မရှိ (ရှိပါက မှတ်ပုံတင်ထားသည့် အမည်နှင့် အစုရှယ်ယာအမျိုး အစားကို ဖော်ပြရန်) ...........................................................................................

.................................................................................................................................

.................................................................................................................................

.................................................................................................................................

၂၅။ အဆိုပြုသည့်အာမခံကုမ္ပဏီတွင် မိမိ သို့မဟုတ် ဆက်နွယ်သူတစ်ဦးဦးက ယုံကြည်အပ်နှံခံ ရသူ သို့မဟုတ် ကိုယ်စားပြုသူအဖြစ် အစုရှယ်ယာကို ပိုင်ဆိုင်မှုရှိ မရှိ (ရှိပါက အသေးစိတ် အချက်အလက်ဖော်ပြရန်)...........................................................................................

.................................................................................................................................

.................................................................................................................................

.................................................................................................................................

၂၆။ အဆိုပြုသည့် အာမခံကုမ္ပဏီတွင် ပိုင်ဆိုင်သည့် အစုရှယ်ယာကို ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုထံ ပေါင်နှံထားခြင်း သို့မဟုတ် အာမခံထား၍ ပေါင်နှံခြင်း ရှိ မရှိ (ရှိပါကပြည့်စုံစွာဖော်ပြရန်) ..................................................................................

..................................................................................................................

..................................................................................................................

..................................................................................................................

၂၇။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြပါသည်-

(က) ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များဆိုင်ရာ အထောက်အထားနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသည့် ဖော်ပြချက်၊

(ခ) မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော နောက်ဆုံးထမ်းဆောင်ထားသည့် အခွန်ဆိုင်ရာ တရားဝင်အထောက်အထား သို့မဟုတ် ဝင်ငွေခွန်ကြေညာလွှာ မိတ္တူမှန်၊

(ဂ) မိမိ၏ ဆွေမျိုးသားချင်းမဟုတ်သော ပုဂ္ဂိုလ်ရေးအရ သိကျွမ်းသည့် ပုဂ္ဂိုလ်များထံမှ အကျင့်စာရိတ္တနှင့်စပ်လျဉ်းသည့် ထောက်ခံချက် စာ (၂)စောင်

(ဃ) လွန်ခဲ့သော ငါးနှစ်အတွင်း မိမိနှင့်ဆက်စပ်မှုရှိသည့် လုပ်ငန်းများမှ မိမိ၏ လုပ်ငန်းစွမ်းဆောင်မှုအခြေအနေနှင့်စပ်လျဉ်း၍ တရားဝင် လက်မှတ်ရေးထိုးထားသည့် ထောက်ခံစာများ။

(င) လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဤလျှောက်လွှာတွင် ဖြည့်သွင်းထားသည့် အချက်အလက်များနှင့် ပူးတွဲ တင်ပြသည့် အထောက်အထားများ မှန်ကန်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ..................................

အမည် ..................................

ရက်စွဲ ..................................

နောက်ဆက်တွဲ

## အမှုဆောင်အရာရှိချုပ်၏ အရည်အချင်းများ

အမှုဆောင်အရာရှိချုပ်အဖြစ် လျှောက်ထားသူသည် အောက်ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပမှ စာရင်းကိုင်၊ ဘောဂဗေဒ၊ သို့မဟုတ် စီးပွားရေး စီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ရရှိထားသူ သို့မဟုတ် အာမခံလုပ်ငန်း၊ စာရင်းကိုင်နှင့် စီမံခန့်ခွဲမှုတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရရှိသူ၊

(ခ) အမှုဆောင် အရာရှိချုပ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက အာမခံလုပ်ငန်းနှင့်လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ အာမခံဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဥပဒေနှင့်အညီ လိုက်နာ ဆောင်ရွက်ရေးစီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ လက်တွေ့အစဉ်တစိုက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိသူ၊

(ဂ) အာမခံနယ်ပယ် သို့မဟုတ် အာမခံလုပ်ငန်းကဏ္ဍ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲမှု အတွေ့အကြုံ အနည်းဆုံး ၁၀ နှစ်ရှိပြီး စီမံခန့်ခွဲမှုတွင် ဆုံးဖြတ်ခွင့် အာဏာရှိသော ရာထူး၌ အနည်းဆုံး ၇ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ၊

(ဃ) ငွေရေးကြေးရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ငွေရေးကြေးရေးလုပ်ငန်း ဆောင်ရွက်မှုတွင် အသိပညာဗဟုသုတရှိသူ၊

(င) ခေါင်းဆောင်မှုနှင့် စည်းရုံးနိုင်မှု စွမ်းရည်ရှိသူ၊

(စ) စီးပွားရေးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ရွေးချယ်ဖော်ထုတ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းနှင့်လမ်းညွှန်ခြင်း ပြုနိုင်သူ၊

(ဆ) အဖွဲ့အစည်း၏ ရည်မှန်းချက်ကို အောင်မြင်စွာဆောင်ရွက်ရန် စီစဉ်ညွှန်ပြနိုင်သည့် စွမ်းဆောင်ရည်ရှိသူ၊

(ဇ) အာမခံကုမ္ပဏီ၏ စီမံခန့်ခွဲမှုကို အာရုံစူးစိုက် ကြိုးပမ်းဆောင်ရွက်ရန် သန္နိဋ္ဌာန် ချမှတ်ထားသူ၊

(ဈ) အဖွဲ့အစည်း၏ မျှော်မှန်းချက်ကိုသတ်မှတ်ခြင်းနှင့် ရှင်းလင်းစွာ ခွဲခြားသိမြင်နိုင်ခြင်း စွမ်းရည်ရှိပြီး ယင်းမျှော်မှန်းချက်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော မဟာဗျူဟာများကို ချမှတ်နိုင်သူ၊

(ည) စီးပွားရေးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှု၊ စီမံချက်ချမှတ်နိုင်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ်နိုင်မှုတို့တွင် အောင်မြင်မှုမှတ်တမ်းများ ရှိသူ၊

(ဋ) ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များတွင် မြင့်မားသော ကိုယ်ကျင့်တရား နှင့်ဂုဏ်သိက္ခာရှိသူ၊

(ဌ) ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့တွင် အထူးကျွမ်းကျင်မှု ရှိသူ။

## ငွေရေးကြေးရေးအရာရှိချုပ်၏ အရည်အချင်းများ

ငွေရေးကြေးရေးအရာရှိချုပ်အဖြစ် လျှောက်ထားသူသည် အောက်ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပမှ စာရင်းကိုင်အထူးပြု ဘာသာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ရရှိသူ သို့မဟုတ် စာရင်းကိုင်နှင့်စပ်လျဉ်းသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိသူ၊

(ခ) ငွေရေးကြေးရေးအရာရှိချုပ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ပါက အာမခံလုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စာရင်းစစ်ဆေးမှု၊ အာမခံဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှု၊ ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ရေး စီမံခန့်ခွဲမှု တို့နှင့်စပ်လျဉ်း၍ လက်တွေ့အစဉ်တစိုက်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိသူ၊

(ဂ) အာမခံနယ်ပယ် သို့မဟုတ် အာမခံလုပ်ငန်းကဏ္ဍ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲသည့် ရာထူးတစ်ခုခု၌ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၇ နှစ်ရှိသူ၊

(ဃ) ဘတ်ဂျက်စာရင်းရေးဆွဲခြင်း၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ စီမံခန့်ခွဲခြင်း ၊ ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို စီမံခန့်ခွဲခြင်းတို့တွင် အတွေ့အကြုံရှိသူ၊

(င) ငွေရေးကြေးရေးဆိုင်ရာ စိစစ်သုံးသပ်မှုများနှင့် စပ်လျဉ်း၍ အတွေ့အကြုံရှိသူ၊

(စ) အာမခံနယ်ပယ် သို့မဟုတ် အာမခံလုပ်ငန်းကဏ္ဍ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် ငွေရေးကြေးရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့သူ၊

(ဆ) မြန်မာနိုင်ငံစာရင်းကောင်စီမှ သတ်မှတ်ထားသည့် မြန်မာနိုင်ငံစာရင်းကိုင်စံများ၊ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများ၊ စီမံခန့်ခွဲမှုဆိုင်ရာ စာရင်းကိုင်စနစ်များနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတရှိသူ၊

(ဇ) နိုင်ငံတကာဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများနှင့် စပ်လျဉ်း၍ အသိပညာဗဟုသုတရှိသူ၊

(ဈ) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးနှင့်သက်ဆိုင်သည့် ဥပဒေများနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတရှိသူ၊

(ည) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံခန့်ခွဲမှုတွင် ကျွမ်းကျင်မှုရှိသူ၊

(ဋ) ငွေရေးကြေးရေးဆိုင်ရာ ပညာရှင်များကို စီမံအုပ်ချုပ်မှုနှင့် စီမံကိန်းစီမံခန့်ခွဲမှုတို့တွင် ကျွမ်းကျင်မှုရှိသူ၊

(ဌ) ဘဏ္ဍာရေးအခြေအနေကို ခွဲခြားထုတ်ဖော်ခြင်း၊ စီမံခန့်ခွဲမှုအဖွဲ့သို့ ထိရောက်စွာ အစီရင်ခံတင်ပြခြင်းနှင့် ကြီးကြပ်ကွပ်ကဲရေးဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း ပြုနိုင်သည့် စွမ်းရည်ရှိသူ၊

(ဍ) ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များတွင် မြင့်မားသော ကိုယ်ကျင့်တရား နှင့်ဂုဏ်သိက္ခာရှိသူ၊

(ဎ) ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့တွင် အထူးကျွမ်းကျင်မှု ရှိသူ။

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ်၏ အရည်အချင်းများ

ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ်အဖြစ် လျှောက်ထားသူသည် အောက်ပါ အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပမှ စာရင်းကိုင်အထူးပြုဘာသာရပ် သို့မဟုတ် ဘောဂဗေဒ သို့မဟုတ် စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်ဖြင့် ဘွဲ့ရရှိသူ သို့မဟုတ် မဟာဘွဲ့ရရှိသူ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာလက်မှတ်ရရှိသူ၊

(ခ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက စာရင်းစစ်ဆေးမှု၊ အာမခံဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၊ ဥပဒေနှင့်အညီလိုက်နာဆောင်ရွက်ရေး စီမံခန့်ခွဲမှုတို့တွင် လက်တွေ့အစဉ်တစိုက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိသူ၊

(ဂ) အာမခံနယ်ပယ် သို့မဟုတ် အာမခံလုပ်ငန်းကဏ္ဍ သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းတွင် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးဆိုင်ရာ အရာရှိအဖြစ် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၅ နှစ် ရှိသူ၊

(ဃ) ငွေရေးကြေးရေး ရင်းနှီးမြှုပ်နှံမှုများကို စီမံခန့်ခွဲခြင်း သို့မဟုတ် အတည်ပြုခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းတို့တွင် အတွေ့အကြုံရှိသူ၊

(င) အာမခံဝန်ဆောင်မှုပေးရာတွင်လည်းကောင်း၊ အာမခံလျော်ကြေးပေးချေရာတွင် လည်းကောင်း အတွေ့အကြုံရှိသူ၊

(စ) ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များ စီမံခန့်ခွဲမှုတို့တွင် အတွေ့အကြုံရှိသူ၊

(ဆ) ဆုံးရှုံးနိုင်ခြေကို ခန့်မှန်းတွက်ချက်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ကျွမ်းကျင်မှုရှိသူ၊

(ဇ) ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်မှု၊ လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်မှု၊ ငွေဖြစ်လွယ်မှုဆိုင်ရာဆုံးရှုံးနိုင်မှုနှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်နိုင်ပြီး ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတရှိသူ၊

(ဈ) ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ် စီမံခန့်ခွဲခြင်း သဘောတရားများတွင် ဗဟုသုတရှိသူ၊

(ည) သတင်းအချက်အလက်နှင့်နည်းပညာအပါအဝင် အခြားသော လုပ်ငန်းပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ခန့်မှန်းတွက်ချက်နိုင်သူ၊

(ဋ) ငွေရေးကြေးရေးအဖွဲ့အစည်း၏ လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေရှိမှု အတိုင်းအတာကို ရှင်းလင်းတိကျစွာ ထုတ်ဖော်နိုင်စွမ်းရှိသူ၊

(ဌ) ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးဆိုင်ရာ အခြေခံသဘောတရားများ၊ နည်းလမ်းများနှင့် ပုံစံများ ရရှိရေးအတွက် လမ်းညွှန်မှုပြုနိုင်သူ၊

(ဍ) ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များတွင် မြင့်မားသော ကိုယ်ကျင့်တရား နှင့်ဂုဏ်သိက္ခာရှိသူ၊

(ဎ) ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့တွင် အထူးကျွမ်းကျင်မှုရှိသူ။

## အာမခံသင်္ချာပညာရှင်၏ အရည်အချင်းများ

အာမခံသင်္ချာပညာရှင်အဖြစ် လျှောက်ထားသူသည် အောက်ပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) ပြည်တွင်းသို့မဟုတ် ပြည်ပမှ အာမခံသင်္ချာပညာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ သို့မဟုတ် အခြားဘာသာရပ်ဖြင့် ဘွဲ့ သို့မဟုတ် မဟာဘွဲ့ရရှိပြီး အာမခံသင်္ချာပညာနှင့်စပ်လျဉ်းသည့် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ရရှိသူ၊

(ခ) အာမခံသင်္ချာပညာရှင်အဖြစ် လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ပါက အာမခံလုပ်ငန်းနှင့် လုပ်ထုံးလုပ်နည်းများ၊ အာမခံအမျိုးအစားများအပေါ် တန်ဖိုးဖြတ်ဆောင်ရွက်နိုင်မှုတို့နှင့်စပ်လျဉ်း၍ လက်တွေ့အစဉ်တစိုက် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိသူ၊

(ဂ) အာမခံနယ်ပယ် သို့မဟုတ် အာမခံလုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး ၅ နှစ် ရှိပြီး ဆုံးဖြတ်ခွင့်အာဏာရှိသော ရာထူး၌ အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်ခဲ့သူ၊

(ဃ) အာမခံအမျိုးအစားများအပေါ်တန်ဖိုးဖြတ်ဆောင်ရွက်ရာတွင် အသိပညာဗဟုသုတရှိသူ၊

(င) အာမခံအမျိုးအစားများနှင့်စပ်လျဉ်း၍ တီထွင်ဖော်ထုတ်ခြင်း၊ တိုးတက်အောင်ပြုလုပ်ခြင်းနှင့်လမ်းညွှန်ခြင်းများ ဆောင်ရွက်နိုင်သူ၊

(စ) အာမခံနှုန်းထားတွက်ချက်ရာတွင် ကျွမ်းကျင်မှုရှိသူ၊

(ဆ) အာမခံအမျိုးအစားအလိုက် သီးသန့်ရန်ပုံငွေများနှင့်စပ်လျဉ်း၍ တွက်ချက်ဆောင်ရွက်နိုင်သူ၊

(ဇ) အာမခံအမျိုးအစားများ၏ စာရင်းအင်းဆိုင်ရာ အချက်အလက်များကို ပြုစုဆောင်ရွက်နိုင်သူ၊

(ဈ) အဖွဲ့အစည်း၏ မျှော်မှန်းချက်ကို ရှင်းလင်းစွာ ခွဲခြားသိမြင်နိုင်ပြီး ယင်းမျှော်မှန်းချက်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အာမခံအမျိုးအစားများ တီထွင်နိုင်သူ၊

(ည) ပုဂ္ဂိုလ်ရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များတွင် မြင့်မားသော ကိုယ်ကျင့်တရား နှင့်ဂုဏ်သိက္ခာရှိသူ၊

(ဋ) ရေးသားမှု၊ ပြောဆိုမှုနှင့် ဆက်သွယ်ဆောင်ရွက်မှုတို့တွင် အထူးကျွမ်းကျင်မှု ရှိသူ။